# ငရုတ်စိုက်ပျိုးနည်း

မြန်မာအမည် - ငရုတ်

အင်္ဂလိပ်အမည် - Chilli / Pepper

ရုက္ခဗေဒအမည် - *Capsium spp*

မျိုးရင်းအမည် - Solanaceae

**ငရုတ်အမျိုးအစားများ**

ငရုတ်ကို သာမာန်အားဖြင့် (၂)မျိုး ခွဲနိုင်သည်။ ငရုတ်အစပ်မျိုး နှင့် ငရုတ်အချိုမျိုး ဖြစ်သည်။ ငရုတ်သီး စပ်ရခြင်းမှာ Capsaicinဓါတ် ပါဝင်မှုကြောင့်ဖြစ်သည်။ မျိုးအလိုက် အချို့ငရုတ်သည်မိုးပေါ်သို့ထောင်သီးပြီး၊အချို့မှာအောက်သို့စိုက်၍သီးပါသည်။ ငရုတ်သီးပုံသဏ္ဍာန်မှာလည်း အရှည်၊ အပု၊ လုံးဝိုင်းပုံ အမျိုးမျိုးရှိကြသည်။





**မြေအမျိုးအစား**

မြေအမျိုးအစားမရွေး စိုက်ပျိုးနိုင်ပြီး သဲနုန်းမြေသည် အကောင်းဆုံး ဖြစ်သည်။ အသင့်တော်ဆုံး မြေချဉ်ငံ ဓါတ်သည် (၅.၅-၇) အတွင်း ဖြစ်သည်။

**ရာသီဥတု**

ပူနွေးသော ရာသီဥတုကို ကြိုက်နှစ်သက်၍ မိုးရေချိန် (၂၅-၅၀)လက်မအထိရွာသွန်းသောဒေသတွင် စိုက်ပျိုးရန်သင့်တော်သည်။ငရုတ်သည်ပူပြင်းသောဒဏ်ကိုခံနိုင်သော်လည်းအသီးဖြစ်ထွန်းမှု နည်းသည်။ မြန်မာနိုင်ငံ အထက်ပိုင်းတွင် ရာသီမရွေး စိုက်ပျိုးကြသည်။မြန်မာနိုင်ငံအောက်ပိုင်းဒေသတွင်ဆောင်းရာသီ၌စိုက်ပျိုးနိုင်သည်။အပူချိန်(၂၀-၃၀) °C တွင်အကောင်းဆုံး ဖြစ်ထွန်းပြီး ၁၅ °C ထက်နိမ့်ပြီး၊ ၃၂ °C ထက်မြင့်ပါက အပင်ကြီးထွားမှု နှေးကွေးပြီး သီးထွက်လျော့ နိုင်ပါသည်။

**မျိုးစေ့နှုန်း**

စိုက်ပျိုးသည့်စနစ်ကို မူတည်၍ တစ်ဧကလျှင် မျိုးစေ့ (၅၀-၁၀၀)ဂရမ် လိုအပ်ပါသည်။

**မြေသြဇာကျွေးခြင်း**

တစ်ဧကနှုန်း

| | | |
|---|---|---|
| နွားချေး | (၁)တင်းခွဲအိတ် | (၅၀၀)အိတ် |
| ယူရီးယား | (၅၀)ကီလို | (၂)အိတ် |
| တီစူပါ | (၅၀)ကီလို | (၁)အိတ် |
| ပိုတက်ရှ် | (၅၀)ကီလို | (၁)အိတ် |

**စိုက်ပျိုးချိန်**

| **အမျိုးအမည်** | **ပျိုးထောင်ချိန်** | **စိုက်ချိန်** | **ခူးဆွတ်ချိန်** |
|---|---|---|---|
| မိုးကြိုငရုတ် | ဖေ-မတ် | ဧပြီ-မေ | ဇူလိုင်-ဩဂုတ် |
| မိုးငရုတ် | ဧပြီ-မေ | ဇွန် | စက်တင်ဘာ |
| ဆောင်းငရုတ် | အောက်တိုဘာ | နိုဝင်ဘာ | ဖေ-မတ် |

**ပျိုးထောင်ခြင်း**

ပျိုးဘောင်ကို သေချာစွာ ပြုပြင်ပြီး(၆)လက်မကွာ အတန်းလိုက် အစေ့ချ ပျိုးထောင်ပါ။ ပူပြင်းသော ရာသီတွင် ပျိုးဘောင်ကို အမိုးပြုလုပ်ပေးရန်လိုပါသည်။မြေတွင်းအောင်းပိုးမွှားရန်မှ ကာကွယ်ရန် ပျိုးဘောင်ကိုဖျူရာဒန်ဆေးဖြူးပေးခြင်း၊ပုရွက်ဆိတ်ရန်မှကင်းရန် မျိုးစေ့ကို စီဗင် ဆေးမှုန့် လူးနယ်ခြင်းတို့ ပြုလုပ်ပေးရန် လိုပါသည်။ အစိုဓါတ် မပြတ်စေရန် ရေမှန်မှန် လောင်းပေးပါ။

**စိုက်ပျိုးခြင်း**

ပျိုးသက်(၃၀-၄၅)ရက်သားအရွယ် (အရွက်စစ်၅-၇ ရွက်) တွင်စိုက်ပါ။မိုးကာလတွင်ပျိုးသက်ကို(၂)လအထိ ထားနိုင်ပါသည်။ မျိုးအလိုက် အပင်အကွာအဝေးကွာခြားပါသည်။တန်ကြား×ပင်ကြား ( ၃' ×၁.၅')ဖြင့်တစ်ဧကအပင်ဦးရေ(၉၆၈၀)စိုက်ပျိုးပါ။ ညနေတွင် ရွှေ့ပြောင်းစိုက်ပါ။ အပင်စိုက်စဉ်တွင်အမြစ်ကို မြေထဲသို့ဖြောင့်တန်းစွာ ရှိနေစေရမည်။

**အပင်ပြုစုခြင်း**

ရွှေ့စိုက်ပြီး (၂၀) ရက်သား တွင် ပေါင်းလိုက်ပါ။ စိုက်ပြီး တစ်လသားတွင် ယူရီးယားအိတ်ဝက် ထည့်၍ မြေတောင်မြှောက်ပေးပါ။ ရက်(၆၀)သား တွင် ယူရီးယားအိတ်ဝက် ထပ်မံထည့်၍ မြေတောင်မြှောက်ပါ။ အသီးတင် အားကောင်းရန် ပထမဆုံးပွင့်သည့် ပန်းပွင့်အား ခြွေပေးသင့်ပါသည်။



**ရေသွင်းခြင်း**

မြေတွင်း အစိုဓါတ်နည်းသွားပါက အပွင့်အသီးများကြွေကျတတ်၍ ရေသွင်းပေးပါ။ (မှတ်ချက်-ရေများပြီး ရေဝပ်လျှင် အပင်သေ နိုင်သည်။)

**ပိုးမွှားရောဂါ ကာကွယ်ခြင်း**

ငရုတ်တွင် အဓိကကျရောက်သော ရောဂါများမှာ ကိုင်းဖျားခြောက်ရောဂါ၊အသီးမှည့်ပြောက်စွန်းရောဂါနှင့် ဘတ်တီးရီးယားပင်ညှိုးရောဂါများ ကျရောက်တတ်သည်။ ကိုင်းဖျားခြောက်နှင့် အမှည့်ပြောက်စွန်းဖြစ်စေသောမှိုသည် မျိုးစေ့ဆောင် ရောဂါဖြစ်၍ မျိုးစေ့ကို ဟိုမိုင်း(၂-၃ဂရမ်/မျိုးစေ့၁ကီလို)နှင့်လူးနယ်စိုက်ပျိုးပါ။ပင်ညှိုးရောဂါကာကွယ်ရန်ငရုတ်ပျိုးပင်များကို ကိုဆိုက်-၁၀ဂရမ်/ဂါလံ ဖျော်၍ ဖျန်းပါ (သို့မဟုတ်) ကာဆူမင် ဆေး(၁)ဆ၊ ရေ(၁၀၀၀)ဆ နှုန်းဖြင့် ဖျော်၍(၅)မိနစ်ခန့် စိမ်စိုက်ပါ။ စိုက်ခင်းတွင် သီးထိုးယင်၊ သရစ်ပိုးနှင့် သီးလုံးဖေါက်ပိုး တို့ ကျရောက်တတ်သဖြင့် ပိုးစတွေ့လျှင် တွေ့ချင်း သင့်တော်သည့် ပိုးသတ်ဆေး ဖျန်းပါ။

## ခူးဆွတ်ခြင်း

အစိမ်းအဖြစ် ခူးမည်ဆိုပါက အစိမ်းရင့်ချိန် (သို့) အရောင်ပြောင်းစ အချိန်တွင် ခူးပါ။အခြောက်အဖြစ်ခူးမည်ဆိုပါက အနီရောင်ကောင်းမွန်စွာ ပြောင်းပြီးမှခူးဆွတ်ပါ။အသီးများကို(၅)ရက် တစ်ကြိမ်ခူးရန် လိုအပ်ပါသည်။



## အထွက်နှုန်း

ငရုတ်(မိုးနှောင်းစိုက်)တစ်ဧကလျှင် ငရုတ်ခြောက် (၇၀၀-၁၀၀၀) ပိဿ ၊ငရုတ်အစိုသည်အခြောက်ထက်(၃-၄)ဆခန့်အထွက်ပိုပါသည်။ ငရုတ်သီး အစိုများကို အပူချိန်( ၅၀ )°C ရှိ ရေနွေးတွင် (၃)မိနစ် မှ(၅)မိနစ်ခန့်ထိ စိမ်ပေးပြီး နေရောင်ဖြင့် အခြောက်ခံနိုင်ပါသည်။ အခွံပွ၍ အတောင့်ကြီးသောမျိုးကို ရေနွေးဖျောပြီးမှသာ အခြောက်ခံ ကြသည်။

## မျိုးစေ့ထုတ်ယူနည်း

မျိုးစေ့ခံမည့်အပင်အား ရွေးချယ်ပြီးနောက် အသီးများကောင်းစွာ ရင့်မှည့်ချိန်တွင် ခူးဆွတ်ပြီး မျိုးစေ့ထုတ်ယူပါ။ မျိုးစေ့ကို အခန်းတွင်း အရိပ်အောက်၌ အခြောက်ခံပါ။





## ငရုတ် အထွက်နှုန်းတိုးစေရန် ဆောင်ရွက်ရမည့် အချက်များ

၁။ ရေမြေဒေသနှင့်ကိုက်ညီသော မျိုးများမှ ဖလံဖြူကင်းပြီး အရောင်လှပသည့် အသီးမှ မျိုးစေ့ကို ရွေးချယ်၍ စိုက်ပျိုးပါ။

၂။ မြေကို ထယ်ရေးနက်နက်၊ ညက်ညက်ထွန်ပြီး ရေသွင်းရေထုတ်မြောင်းများ စနစ်တကျဖော်၍ ဆောင်ရွက်ပါ။

၃။ တစ်ဧကလျှင်အပင်ပေါက်နှုန်းကောင်းမွန်သည့်မျိုးစေ့(၅၀-၁၀၀) ဂရမ်နှုန်း အသုံးပြု၍ ပျိုးထောင်စိုက်ပျိုးပါ။

၄။ပင်ကြား၊တန်ကြား(၂'× ၂')(သို့မဟုတ်)(၃'× ၁.၅')အကွာအဝေးဖြင့်အပင်(၈၀၀၀ မှ ၁၀၀၀၀)ဝင်ဆံ့အောင် လေးကွက်ကြားစနစ်ဖြင့် စိုက်ပျိုးပါ။

၅။တစ်ဧကလျှင်နွားချေးတစ်တင်းခွဲအိတ်(၅၀၀)အိတ်၊ယူးရီးယားအိတ်(၂)အိတ်၊တီစူပါ(၁)အိတ်၊ပိုတက်ရှ်(၁)အိတ်နှုန်းထည့်သွင်းပေးပါ။

၆။ပျိုးသက်(၃၀-၄၅)ရက်သားတွင်စိုက်ခင်းသို့ရွှေ့ပြောင်းစိုက်ပျိုးပါ။ ရွှေ့ပြောင်းစိုက်ပြီး တစ်လအတွင်း ကြားပေါင်းလိုက်ခြင်း၊ ဘောင်တင်ခြင်းနှင့် အပင်ပြုပြင်ခြင်းကို ဆောင်ရွက်ပါ။

၇။ရွှေ့ပြောင်းစိုက်ပျိုးချိန်တွင် စိုက်ခင်း၌အစိုဓါတ်မပြတ်စေရန်အထူးဂရုပြုရပါမည်။ အပင်လှန်ချိန်အထိ အစိုဓါတ်မပြတ်စေရန်ပန်းစတင်ပွင့်ချိန်တွင်ရေသွင်းပေးခြင်းလုပ်ငန်းကိုအထူးဆောင်ရွက်ပါ။

၈။ ပိုးမွှားရောဂါ တွေ့လျှင် တွေ့ချင်း သင့်တော်သည့် ပိုးသတ်ဆေး၊ မှိုသတ်ဆေး များဖြင့် ဖျန်းပါ။

၉။ငရုတ်ခြောက် အရည်အသွေးကောင်းရရှိစေရန်အတွက်ပန်းပွင့် ပြီး (၆-၈)ပါတ် အကြာတွင် ကောင်းစွာရင့်မှည့်၍ အနီရောင်သန်းသော ငရုတ်သီးများကိုသာ ဆွတ်ခူးပါ။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန
ဥယျာဉ်ခြံ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲ

# ငရုတ်စိုက်ပျိုးနည်း







၂၀၁၆ခုနှစ်